# နိုင်ငံတော်အလံနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

## နိုင်ငံတော်အလံနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

နည်းဥပဒေများ အမှတ် ၂/၈၉)

၁၃၅၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤနည်းဥပဒေများကို နိုင်ငံတော်အလံနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အလံနည်းဥပဒေများတွင် နည်းဥပဒေ ၄ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါနည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

"(ဂ) နိုင်ငံတော်အလံကို အစိုးရအဖွဲ့အစည်းများ၏ ရုံးအဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ နှင့် စာသင်ကျောင်းများ၊ အခမ်းအနား ကျင်းပသည့် နေရာများပေါ်တွင် အလုပ်လုပ်ရက် အားလုံး၌ လွှင့်ထူနိုင်သည်။"